# တအာင်းပြည် နှင့် တော်လှန်ရေး အင်အားစုများ ထိန်းသိမ်းသည့်မြို့များတွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ စကစမှ လေယာဉ်ဆက်တိုက်အသုံးပြု တိုက်ခိုက်နေ သည့်အပေါ် တအာင်းအရပ်ဖက်အဖွဲ့အစည်းများ ၏သဘောထားထုတ်ပြန်ချက်

၂/၂၀၂၄

ရက်စွဲ ။ ၂၀ ရက် ၊ ဩဂုတ်လ ၊ ၂၀၂၄ ခုနှစ်

၁) အကြမ်းဖက်စစ်ကောင်စီသည် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ တအာင်းပြည် နှင့် တော်လှန်ရေး အင်အားစုများ ထိန်းချုပ်နေသည့် ဒေသများတွင် လေယာဉ် အသုံးပြုပြီး ကျေးရွာများ၊ မြို့လယ်ခေါင်နေရာများ၊ ဆေးရုံများ၊ မြို့မဈေး၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ စာသင်ကျောင်းများ စသည့် ပြည်သူပိုင် လူအများသွားလာလှုပ်ရှားနေသည့် နေရာများတွင် ပစ်မှတ်ထားပြီး လူထုများ အိပ်မောကျနေစဉ် ညသန်ခေါင်ယံ နှင့် လူအများ စုဝေးနေချိန်တွင် မကြာခဏလာရောက် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် အရပ်သား ပြည်သူ (၇) ဦးသေဆုံးခြင်း ဖြစ်ပွားခဲ့ပြီး (၃၄)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည့်အပြင် ပြည်သူများ၏ အသက်အိုးအိမ်၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးရသည့်အပေါ် မိမိတို့ တအာင်းအရပ်ဖက် အဖွဲ့အစည်းမှ အပြင်းအထန် ကန့်ကွက်ရှုံ့ချပါသည်။

၂) အကြမ်းဖက်စစ်ကောင်စီသည် ၁၀၂၇ စစ်ဆင်ရေး ပထမလှိုင်းနှင့် ဒုတိယလှိုင်းတွင် မြို့နယ်အမြောက် အများ ဆုံးရှုံးရပြီးနောက် တအာင်းပြည် နှင့် တော်လှန်ရေး အင်အားစုများ ထိန်းချုပ်သည့် နေရာဒေသ အတွင်းရှိ ပြည်သူများအပေါ် လူသားဆန်မှုမရှိဘဲ ရက်စက်ကြမ်းကြုတ်သည့် နည်းလမ်းမျိုးစုံဖြင့် လူ့အခွင့်အရေးကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေသည့်အပြင် နိုင်ငံတကာရာဇဝတ်မှု၊ လူသားချင်း စာနာထောက်ထားမှုဥပဒေ နှင့် လူသားမျိုးနွယ်ဖြစ်တည်မှု ဥပဒေအပေါ် ကျူးလွန်ချိုးဖောက်လျှက် ရှိနေပါသည်။

၃) မိမိတို့တအာင်းအရပ်ဖက်အဖွဲ့အစည်း၏ မှတ်တမ်းများအရ –

**(က) သိန္နီမြို့နယ်တွင်** ဇူလိုင်လ (၃) ရက်နေ့ မှ (၂၈) ရက်နေ့အတွင်း တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ စစ်ကောင်စီမှ လေကြောင်းဖြင့် (၄) ကြိမ် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ပြည်သူ (၂၆)ဦး ထိခိုက်ဒဏ်ရာ ရရှိပြီး ကလေးအပါအဝင် (၂) ဦး သေဆုံးခြင်း၊ နေအိမ် (၉)အိမ် ထိခိုက်ပျက်စီးခြင်း နှင့် (၃) အိမ်မီးလောင် ပြာကျ ခြင်း၊ အ.ထ.က(၁) စာသင်ကျောင်းဆောင်များ ပျက်စီးခြင်း။

**(ခ) ကွတ်ခိုင်မြို့နယ်တွင်** ဇူလိုင်လ (၅) ရက်နေ့ မှ ဩဂုတ်လ (၇) ရက်နေ့အတွင်း လေကြောင်းဖြင့် အကြိမ်ရေ (၃)ကြိမ် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် အရပ်သားပြည်သူ (၄) ဦးသေဆုံးပြီး (၆)ဦး ထက်မနည်း

ထိခိုက်ဒဏ်ရာ ရရှိခြင်း၊ နေအိမ် (၁၁)လုံးပျက်စီးဆုံးရှုံးခြင်း၊ ပြည်သူပိုင် ဆိုင်ခန်းပေါင်း (၄၀၀) ကျော်မီးလောင်ပြာကျခြင်း နှင့် နွားအကောင်ရေ (၆)ကောင် သေဆုံးခြင်း။

**(ဂ) မန်တုံမြို့နယ်တွင်** ဩဂုတ်လ (၁၃) ရက် မန်ဆာကျေးရွာဟောင်းတွင် ဗုံးကြဲတိုက်ခိုက် မှုရှိခဲ့သော်လည်း ထိခိုက်ပျက်စီးမှု မရှိပေ။

**(ဃ) နမ့်ဆန်မြို့နယ်တွင်** ဩဂုတ်လ (၁၂) ရက်နေ့ မှ (၁၆) ရက်နေ့အတွင်း တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ညသန်းခေါင်ယံအချိန်တွင် လေကြောင်းဖြင့် (၂) ကြိမ် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် တအာင်းဥပဒေဖောင်ဒေးရှင်း (TLAF) ကျောင်းဆင်းသည့် ရှေ့နေ (၁) ဦး ကျဆုံးပြီး အရပ်သား (၁) ဦး ထိခိုက်ဒဏ်ရာရရှိခြင်း။

**(င) နမ့်လန်မြို့နယ်** ဩဂုတ်လ (၁၆) ရက်နေ့ မြို့တွင်းရှိ ကောင်းလန်းရပ်ကွက်တွင် ဗုံးကြဲ တိုက်ခိုက်မှုကြောင့် အရပ်သား အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရပြီး နေအိမ် (၂) လုံး ထိခိုက်ပျက်စီးခဲ့ခြင်း။

**(စ) ကျောက်မဲမြို့** ဩဂုတ်လ (၁၆) ရက်နေ့တွင် ကျောက်မဲမြို့နယ်၊ ဟူးကွက်ကျေးရွာအတွင်း တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ စစ်ကောင်စီမှ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ကိုရင် (၁)ပါး ထိခိုက်ဒဏ်ရာရခဲ့ပြီး ဘုန်းကြီးကျောင်းဝန်းအတွင်းရှိ ဇရပ်၊ ဆွမ်းစားဆောင်များ ပြာကျပျက်ဆီးခဲ့သည်။

၄) စစ်ရှုံးနေသည့် စစ်ကောင်စီသည် ရှမ်းမြောက်ဒေသတွင်သာမက မြန်မာပြည်အနှံ့တွင် လေကြောင်းအသုံးပြုကာ ပြည်သူများကို ဦးတည်တိုက်ခိုက်လျှက်ရှိနေပါသည်။ လူသားချင်းစာနာထောက်ထားသောအားဖြင့် အကြမ်းဖက်စစ်ကောင်စီ၏ လူသားမဆန်မှု လုပ်ဆောင်ချက်များအပေါ် ရပ်တန့်နိုင်စေရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ အနေဖြင့် အောက်ပါအတိုင်း ဖိအားပေးလုပ်ဆောင်ပေးရန် တိုက်တွန်းလိုပါသည်။

1. ပြည်သူများကို ဦးတည်သည့် လေကြောင်းတိုက်ခိုက်မှုများ ချက်ခြင်းရပ်တန့်စေရန်အတွက် နိုင်ငံတကာမှ အမြန်ဆုံးဖိအားပေးဆောင်ရွက်ရန်။
2. ပြည်ပမှ လေယာဉ်ဆီ ရောင်းချခြင်း၊ တင်သွင်းခြင်းများ မပြုလုပ်ရန် တားဆီးခြင်းနှင့် စီးပွါးရေးပိတ်ဆို့မှုများကို ဆက်လက်ဖိအားပေးရန်။
3. အကြမ်းဖက်စစ်ကောင်စီ နှင့် ပူးပေါင်းလုပ်ဆောင်ခြင်းများမလုပ်ဆောင်ပဲ စစ်ကောင်စီ၏ နိုင်ငံရေး ထွက်ပေါက်မှန်သမျှအား ဆန့်ကျင်ကန့်ကွက်ရန်။
4. အကြမ်းဖက်စစ်ကောင်စီကို တော်လှန်နေသော တိုင်းရင်းသားတော်လှန်ရေးအင်အားစုများကို ထိရောက်သည့် ထောက်ပံ့မှုများပေးရန်။
5. စစ်ဘေးသင့်နေကြသည့် ပြည်သူလူထုများအား လူသားချင်းစာနာမှုအကူအညီများကို မိမိတို့နှင့် ပူးပေါင်းပြီး လုံလောက်ထိရောက်စွာ ပံ့ပိုးကူညီပေးရန် မိမိတို့ တအာင်းအရပ်ဘက်အဖွဲ့အစည်းမှ တောင်းဆိုအပ်ပါသည်။

**တအာင်းအရပ်ဖက်အဖွဲ့အစည်းများ**

**Phone _ 09988235458**

**Signal _ +959781873704**